ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၆ ၊ အမှတ် ၇ ၂၀၂၁ ခုနှစ် ၊ ဇွန်လ ၁ ရက်

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန် အကောက်ခွန်ဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုများ လှည့်လည်စစ်ဆေးခြင်း





စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မေလ (၂) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံး (ရုံးချုပ်) သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီကျင့်ကြံနေထိုင်သွားရန်၊ ရသင့်ရထိုက် သောအခွန်အခများရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါများ တစ်ကျော့ပြန်လည်ဖြစ်ပွားမှုများအား ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းတစ်ဦးချင်းမှစ၍ ကျန်းမာရေးကို အထူးဂရုပြုနေထိုင်စားသောက်ကြရန်၊ ထို့အပြင် လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေဖြင့် သုံးစွဲဆောင်ရွက်နေသောလုပ်ငန်းများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် အညီ ဂရုပြုစိစစ်သုံးစွဲရန်နှင့် အဂတိလိုက်စားမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန် မှာကြားခဲ့ ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်သမိုင်းပြတိုက်နှင့် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးဌာနခွဲ (Myanmar Automated Cargo Clearance System)ရှိ လုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအချိန်နှင့် တစ်ပြေးညီပြီးစီးရေး အထူး ဂရုပြုဆောင်ရွက်သွားရန်လမ်းညွှန်မှာကြားခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် ဘီယာ၊ ကွမ်းစားဆေး၊ စားသုံးရန်မသင့်သော စားသောက်ကုန်၊ ဆေးဝါးမှတ်ပုံတင်မရှိသောဆေးဝါးများနှင့် အလှကုန်ပစ္စည်းများဖျက်ဆီးခြင်း





ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူစားသုံးရန်၊ သုံးစွဲရန်မသင့်သော ဘီယာ၊ ကွမ်းစားဆေး၊ စားသုံးရန်မသင့်သော စားသောက်ကုန်များ၊ ဆေးဝါးမှတ်ပုံတင် မရှိသော ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၂၄.၃၇၄) သန်းခန့်အား (၄-၅-၂၀၂၁)ရက်နေ့တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးဝင်းဇော် ဥက္ကဋ္ဌအဖြစ် ပါဝင်သောဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျဖျက်ဆီး ခဲ့ပါသည်။





# လက်ထောက်ညွှန်ကြားရေးမှူးရာထူးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးသို့ အဆင့်တိုးစာမေးပွဲ ကျင်းပခြင်း




အကောက်ခွန်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရာထူးအဆင့်မှ ဒုတိယညွှန်ကြားရေးမှူး ရာထူးအဆင့်သို့ တိုးမြှင့်ရေး စာမေးပွဲအား ၂၀၂၁ ခုနှစ်၊ မေလ (၈) ရက်နေ့ မှ (၉) ရက်နေ့အထိ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါရာထူးတိုးမြှင့်ရေး စာမေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး အဆင့် အရာထမ်းစုစုပေါင်း (၄၁) ဦး ဖြေဆိုခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၅၉၆.၁၁၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက်နှင့်အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေလ (၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၂၃)မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ်(၁၅၉၆.၁၁၄)သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်လေဆိပ် တားဆီး/ဖမ်းဆီးမှု



၃၁.၅.၂၀၂၁ ရက်နေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်တွင် UB 1002 / SF-1066 ဖြင့် စင်္ကာပူနိုင်ငံမှ စီးနင်းလိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည် ဒေါ်ခိုင်ခိုင်စိုး ၏ခရီးဆောင်အိတ်အား X-Ray ဖြတ်သန်းစစ်ဆေးရာတွင် အိတ်အတွင်းမှ တင်သွင်းခွင့်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် I phone Handset (30)Nos၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၄၇)သန်းအား တွေ့ရှိခဲ့သည့်အတွက် တားဆီးခဲ့သောအမှုဖြစ်ပါသည်။

၃၁.၅.၂၀၂၁ ရက်နေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပ ဆိုက်ရောက် တွင် UB 1002/SF-1066 ဖြင့် စင်္ကာပူနိုင်ငံမှ စီးနင်းလိုက်ပါလာသောမြန်မာနိုင်ငံသားခရီးသည်ဒေါ်နန်းချောဆု ၏ခရီးဆောင်အိတ်အား X-Ray ဖြတ်သန်းစစ်ဆေးရာတွင် အိတ်အတွင်းမှ တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် I phone Handset (31)Nos၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၄၉.၅)သန်းအား တွေ့ရှိခဲ့သည့်အတွက် တားဆီးခဲ့သောအမှုဖြစ်ပါသည်။



# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ မေလအတွင်း  ခန့်မှန်းတန်ဖိုး ကျပ် (၁၅၉၆.၁၁၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန်ဆိပ်ကမ်း တားဆီး/ဖမ်းဆီးမှု














Sea Sein Myint Trd Co.,Ltd မှ ED No.200066450410 (22-5-2021)နှင့် ED No. 200066451000 (22-5-2021) ဖြင့် AWPT ဆိပ်ကမ်းမှတင်ပို့မည့် ပို့ကုန်သေတ္တာ(၆)လုံးအား စုံစမ်းစစ်ဆေးရေး နှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၏သတင်းအရ X-Ray စက်ဖြင့် စစ်ဆေးခဲ့ရာ ED တွင် ဝဥခြောက် (Dried Konjac) ဟု ကြေညာထားသော်လည်းသိပ်သည်းဆများပြီး သစ်တုံးများဟုယူဆ ရသောပုံရိပ်များ တွေ့ရှိရသဖြင့် အဆိုပါကုန်သေတ္တာ (၆) လုံး အား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စာရွက်စာတမ်းအထောက်အထား တစ်စုံ တစ်ရာတင်ပြနိုင်ခြင်းမရှိသည့် တရားမဝင် ပိတောက်သစ်ခွဲသား ဆိုဒ်စုံ (၄၆.၁၂၂ တန်)၊ ကျွန်းသစ်ခွဲသားဆိုဒ်စုံ (၂၉.၄၁၆၉ တန်)နှင့် ကုန်သေတ္တာအခွံ (၆) လုံး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် (၁၁၁.၄၇၁) သန်းအား စစ်ဆေးတွေ့ရှိခဲ့သဖြင့် တားဆီးခဲ့သော အမှုဖြစ်ပါသည်။

(၂၃.၅.၂၀၂၁) ရက်နေ့ MITT ဆိပ်ကမ်းတွင် WISH MY-ANMAR Co.,Ltd မှ ED No. 200066474800 (21-5-2021) ဖြင့်ကြေညာထားသော ပို့ကုန်သေတ္တာ(၂)လုံးအား စစ်ဆေးခဲ့ရာ ED တွင် Natural Rubber RSS3 ဟုကြေညာထားသော်လည်း ဖွင့်ဖောက်စစ်ဆေးသည့် ကုန်သေတ္တာ (၂)လုံးအတွင်း တရားမဝင် ကျွန်းသစ်ခွဲသားခန့်မှန်းတန်ချိန်(၂၅.၃၆၂၇)တန်ခန့်၊ ကုန်သေတ္တာ အခွံ(၂)လုံးနှင့်တရားမဝင်ကျွန်းသစ်ခွဲသားများထည့်သွင်းလာသော ကုန်သေတ္တာများ တင်ဆောင်လာသည့် နောက်တွဲပါ မော်တော် ယာဉ် (၂)စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ကျပ် (၁၃၈.၈)သန်းအား စစ်ဆေး တွေ့ရှိခဲ့သဖြင့် တားဆီးခဲ့သောအမှုဖြစ်ပါသည်။





# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၅၉၆.၁၁၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု







(၁၂.၅.၂၀၂၁)ရက်နေ့တွင် မန္တလေးမြို့နယ်ရုံး တာဝန်ကျဝန်ထမ်းများသည် မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော HINO PROFIA (12W) ယာဉ်အားစစ်ဆေးရာယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Child Umbrella (၇၇၂၀) လက်ပါ ပစ္စည်း(၃)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၅.၇၁၄)သန်းခန့်အား စစ်ဆေးတွေ့ရှိသဖြင့် အကောက်ခွန်လုပ်ထုံး လုပ်နည်း နှင့်အညီ အရေးယူသောအမှုဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၅၉၆.၁၁၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း



**ထူးခြား ဖမ်းဆီး/ တားဆီးမှု**









ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၂၁ ခုနှစ် မေလ (၂၃) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်းအနီးရှိ သရက်ပင်အောက်တွင် စုပုံထားသော အမိုးအကာဖြင့်ဖုံးအုပ်ထားသည့် ပိုင်ရှင်မဲ့ပိတောက်ခွဲသား (၁၃)ချောင်း (၁.၀၄၆၆)တန်နှင့် မန္တလေးမှ မူဆယ်သို့ မောင်းနှင်လာသည့် ဆီသယ်ယာဉ်(၁)စီး၏ ဆီသယ်ဆောင်ရာ သိုလှောင်ကန်အတွင်း၌ သိုဝှက်သယ်ဆောင်လာသော တရားဝင်အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ (၅.၁၅၁၂)တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်(၁)စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၈.၅၉၃) သန်းအား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၅၉၆.၁၁၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/တားဆီးမှု









ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၀၂၁)ခုနှစ် မေလ (၇)ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေး ရေးစခန်းမှတာဝန်ကျဝန်ထမ်းများသည် ဇင်းကျိုက်ဘူတာမှမလွှကုန်းဘူတာသို့ ပြေးဆွဲသည့်ရထား အားစစ်ဆေးရာ နောက်ဆုံးတွဲတွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြ နိုင်ခြင်းမရှိသည့် K&P ကွမ်းစားဆေး(1x30)Pcs၊ (110)Pkgs ပါ ပစ္စည်း (၂) မျိုး၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၅၃၈.၅) သန်းအား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့ပါသည်။

## မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | ၂ မှု | ၂ မှု | ၄ မှု | ၁၁၁.၁၃၀ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | ၃ မှု | ၄ မှု | ၇ မှု | ၁၇၂.၀၆၅ သန်း |
| | စုစုပေါင်း | ၅ မှု | ၆ မှု | ၁၁ မှု | ၂၈၃.၁၉၅ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (၁-၁၀-၂၀၂၀) ရက်နေ့ မှ (၃၁-၅-၂၀၂၁) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၃၅) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၇၇၉.၁၈၂) သန်းအား တားဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။